ကြောင်ကို စေခိုင်းရာ၌ သက်န်းဝတ်ပြီးသောအခါ သရဏဂုံကိုကား ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ပေးရမည်။

**ကိုယ့်ဘာသာမဝတ်ကောင်း။** ။ဥပဇ္ဈာယ်ဆရာသည် မည်သူ့ကိုမျှ မခိုင်းဘဲ သူ့ဘာသာဝတ်တတ်သော ရှင်လောင်းအား သင်္ကန်းပေး၍ "သင့်ဘာသာ ဝတ်တော့" ဟု ခွင့်ပြုလျှင်လည်း ရှင်လောင်းကိုယ်တိုင် သင်္ကန်းဝတ်ကောင်း၏၊ ရှင်သာမဏေလောင်းသည် ဥပဇ္ဈာယ်ဆရာက "ဝတ်တော့" ဟု ခွင့်မပြုဘဲ (သူပိုင်သင်္ကန်း ဖြစ်စေကာမူ) ကိုယ့်ဘာသာ သင်္ကန်းယူ၍ မဝတ်ကောင်းကြောင်း ရှေးအစဉ် မှာထားခဲ့ပြီ၊ ထိုသို့ ကိုယ့်ဘာသာယူ၍ ဝတ်လျှင် ရှင်သာမဏေ မဖြစ်ဟု ဆိုကြ၏၊ ထို့ကြောင့် နားမလည်၍ ကိုယ့်ဘာသာဝတ်ထားသူကို သင်္ကန်းချွတ်စေ၍ ဥပဇ္ဈာယ်ဆရာက ထပ်မံပြီး သင်္ကန်းပေးရ၏၊ [ "ဘိက္ခုနာ ဟိ သဟတ္ထေန ဝါ အာဏတ္တိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ န ဝဋ္ဋတိ"–ပဗ္ဗဇ္ဇာခန္ဓကဋ္ဌကထာ။ ]

**သင်္ကန်းကပ်၊ သင်္ကန်းတောင်း ဖြစ်ပေါ်လာပုံ** ပြခဲ့သော စကားစဉ်အရ ဥပဇ္ဈာယ်ဆရာက သင်္ကန်းပေးမှ ဖြစ်စေ၊ ဥပဇ္ဈာယ်ဆရာက တဆင့် အခိုင်းခံရသူ ပေးမှဖြစ်စေ သင်္ကန်း ဝတ်ကောင်း၍ (ကိုယ်ပိုင်သင်္ကန်း ဖြစ်စေကာမူ) ကိုယ့်ဘာသာ မဝတ်ကောင်းသောကြောင့် ယခုအခါ၌ မိမိလက်မှာရှိသော ကိုယ်ပိုင်သင်္ကန်းကို ဆရာ့လက်သို့ ကပ်ရခြင်း၊ ဆရာ့လက်မှ ပြန်၍ တောင်းရခြင်း ဟူသော ထုံးစံ ၂-ခု ဖြစ်ပေါ်လာပေ